NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# ပင်လုံစာချုပ်ချုပ်ဆိုခြင်း (၇၅) နှစ်ပြည့်သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

၁။ ယနေ့သည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ၇၅ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ထိုနေ့တွင် ဗြိတိသျှကိုလိုနီအစိုးရထံမှ လွတ်လပ်ရေးကို အတူတကွရယူကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကိုမထိခိုက်စေဘဲ တန်းတူညီမျှစွာ အတူယှဉ်တွဲ နေထိုင်နိုင်မည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတခုကို တည်ဆောက်ပြီး အေးအတူပူအမျှ နေထိုင်သွားကြရန် ဗမာပြည်မဒေသ (Proper Burma)၊ ပြည်ထောင်စု ရှမ်းပြည် (Federated Shan States)၊ ကချင်တောင်တန်းဒေသနှင့် ချင်းတောင်တန်းဒေသကို ကိုယ်စားပြုသည့် တိုင်းရင်းသား ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကတိကဝတ်ပြုခဲ့ကြသည်။

၂။ သို့သော်လည်း လူမျိုးကြီးဝါဒ၊ စစ်အာဏာရှင်စနစ်၊ တပါတီအာဏာရှင်စနစ် အပါအဝင် အာဏာရှင်စနစ်များ နှင့် အမျိုး၊ ဘာသာ၊ သာသနာကို ရှေ့တန်းတင်အသုံးချပြီး သွေးခွဲအုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်ကြောင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု စနစ်ကြီးကို လွတ်လပ်ရေးရပြီး ကတည်းက ယနေ့အချိန်ထိ ထူထောင်နိုင်ခဲ့ခြင်း အလျဉ်းမရှိပါ။

၃။ အစိုးရအဆက်ဆက်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံက မျှော်မှန်းခဲ့ကြသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီးကို အမှန်တကယ် ဖော်ဆောင်ခဲ့သယောင် လိမ်လည်လှည့်ဖျားပြီး လက်တွေ့တွင်မူ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်များအား ချိုးဖောက်ကာ တပြည်ထောင်စနစ်ကိုသာ ကျင့်သုံးခဲ့ကြသည်။ သို့သော် နှစ်စဉ်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ရောက်တိုင်း ပြည်ထောင်စုနေ့ဟု ခေါ်ဝေါ်ကျင်းပနေခဲ့ကြသည်။ တဘက်မှလည်း ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လိုလားသည့် တိုင်းရင်းသားပြည်သူများအား အဖျက်သမားများအဖြစ် နိုင်ငံရေးရည်ရွယ်ချက်ရှိရှိ ပုံဖော်ပြီး ခွဲခြားနှိမ့်ချအနိုင်ကျင့်ဆက်ဆံမှုများ၊ ရက်ရက်စက်စက် ဖိနှိပ်သတ်ဖြတ်မှုများကို အစီအစဉ်တကျ ကျူးလွန်ခဲ့ကြသည်။

၄။ အစိုးရအဆက်ဆက်တို့၏ ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်ကို ဖော်ဆောင်ရန် ပျက်ကွက်ခဲ့ကြခြင်းကြောင့် တိုင်းရင်းသားပြည်သူတို့၏ နစ်နာဆုံးရှုံးခဲ့ရမှုများကို ယနေ့ကာလ ဖက်ဒရယ်ဒီမိုကရေစီ တော်လှန်ရေး၏ ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေသော အမျိုးသားညီညွတ်ရေးအစိုးရ

– NUG အပါအဝင် တော်လှန်ရေးအင်အားစုများမှ ရှင်းရှင်းလင်းလင်းသိမြင်ပြီး အနာဂတ်တွင် ထိုသို့ ထပ်မံမဖြစ်ပွားစေရန်နှင့် ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်များကို တိကျစွာဖော်ဆောင်ရန်မှာ လွန်စွာမှ အရေးကြီးသည်။ ထို့ပြင် တိုင်းရင်းသားပြည်သူများ လိုလားသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကိုလည်း ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အတိုင်း အကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်ပါသည်။ စစ်အာဏာရှင်စနစ်နှင့် အာဏာရှင် စနစ်မှန်သမျှ ချုပ်ငြိမ်းမှသာလျှင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်သည်။

၅။ ခေတ်အဆက်ဆက်စစ်အာဏာရှင်များ၊ အစိုးရများမှ ပြည်သူလူထုအပေါ် ခွဲခြားဖိနှိပ်မှုများ၊ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ၊ လူမျိုးသုဉ်းသတ်ဖြတ်မှုများ ကျူးလွန်ခဲ့မှုနှင့်ပတ်သက်၍ နစ်နာသူများအား အမျိုးသားညီညွတ်ရေး အစိုးရက ယနေ့ ပြည်သူ့ အစိုးရတရပ်ဖြစ်သည်နှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် တောင်းပန်၍ လုပ်ဆောင်သင့်သ ည့်ကိစ္စရပ်များကို ပြတ်ပြတ်သားသား လုပ်ဆောင်သွားပါရန် တိုက်တွန်းသည်။

၆။ အစိုးရ အဆက်ဆက်က ပင်လုံစာချုပ်၊ ပင်လုံကတိကဝတ်များအား ချိုးဖောက်ကာ သမိုင်း တလျှောက် ရက်ရက်စက်စက် ဖိနှိပ်အနိုင်ကျင့်ခဲ့မှုများ၊ ခွဲခြားဆက်ဆံမှုများအတွက် မိမိတို့ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ – NUCC အနေဖြင့်လည်း တိုင်းရင်းသားပြည်သူတရပ် လုံးအား လေးနက်စွာတောင်းပန်အပ်ပါသည်။

၇။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေး၊ ပင်လုံစာချုပ်၊ ပင်လုံ ကတိကဝတ် နှင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အခြေခံမူများအပေါ်အခြေပြုသည့် ညီညွတ်ရေး၊ ကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ လူမျိုးကြီးဝါဒချုပ်ငြိမ်းရေးတို့ကို ဖော်ဆောင်၍ တိုင်းရင်းသား ပြည်သူတရပ်လုံးမှ လိုလားသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမှန် တကယ် တည်ဆောက်နိုင်သည်အထိ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ – NUCC မှ မဆုတ်မနစ် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း လေးနက်စွာသန္နိဋ္ဌာန်ပြုပါသည်။

တော်လှန်ရေးသစ္စာဖြင့်
အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ